ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (15-9-2005)(၄၇၁၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ်နှင့် မိုးကောင်းမြို့နယ်အတွင်းရှိ မိုးစပါးနှင့် ရော်ဘာစိုက်ပျိုးမှု လမ်းတံတားများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

ရန်ကုန်　　စက်တင်ဘာ　　၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနား ပြည်ထောင်စုလမ်းရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဧက ၃၁၀၀ ရော်ဘာစိုက်ခင်းတွင် ရော်ဘာဧက ၁၀၀ စတင်စိုက်ပျိုးပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ရော်ဘာစိုက်ကွင်း စုစုပေါင်းဧက ၃၁၀၀ ရှိသည့်အနက် ဧက ၂၃၀၀ တွင် ရော်ဘာစိုက်ပျိုးနိုင်မှု၊ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားစီစဉ်ဆောင်ရွက်နေမှုနှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကောင်းမြို့နယ် နမ္မတီးချောင်းတံတား(ကံလှ) တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ ရေလယ်တိုင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ***နိုင်ငံတော်အပိုင်းက နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိသကဲ့သို့ ပြည်သူများ အပိုင်းကလည်း မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။***

  ခေါင်းကြီး၊ စာမျက်နှာ (၂)

- ***တော်သလင်းလသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငါးပါးသီလဖြစ်သော ဂရုဓမ္မသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု အဓိဋ္ဌာန်ပြုကာ ဂရုဓမ္မ အခါတော်နေ့ကို ကျင်းပသောလဖြစ်သည်။***

  မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၏ ဂရုဓမ္မခေါ်ဆိုမည့် ပဋ္ဌသီခါးဝတ်မြဲ ဆောင်းပါး၊ စာမျက်နှာ (၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၉-၂၀၀၅
(ကြာသပတေးနေ့)

နယ်စပ်ကုန်သွယ်မှု တိုးတက်အောင်ကြိုးပမ်း စီးပွားရေးအခြေခံ စိုက်ပျိုးမွေးမြူရေး တိုးချဲ့ဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိခံစားနိုင်စေရေး အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်မြေဒေသ အစိတ်အပိုင်းတစ်ခု၊ ခရိုင်တစ်ခု၊ မြို့နယ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏အစီအမံနှင့် ဌာနဆိုင်ရာများ၏ ကြိုးပမ်းဖော်ဆောင်မှုများသာမက ဒေသခံပြည်သူတစ်ဦးချင်းစီ၏ တာဝန်သိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အပေါ်တွင်လည်း တည်မှီနေပေသည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေး အခြေခံလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာလ ၅ ရက်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သွားရောက်ပြီး စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးရေး၊ မြေယာများ တိုးချဲ့စိုက်ပျိုးရန် နည်းလမ်းရှာဖွေရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

မောင်တောခရိုင်သည် ရေ မြေ ရာသီဥတု ကောင်းမွန်သဖြင့် နွေစပါးနှင့်မိုးစပါးများကို အားထုတ်စိုက်ပျိုးလျက်ရှိသည်။ စပါးသာမက အမယ်သစ်သီးနှံ ငရုတ်ကောင်းနှင့် နှစ်ရှည်ပင်ရော်ဘာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

မောင်တောခရိုင်တွင် ၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါးဧက တစ်သိန်းငါးသောင်းငါးထောင်ကျော် စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ မိုးစပါးဧက တစ်သိန်းငါးသောင်းခြောက်ရာကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများသာမက စီးပွားရေးလုပ်ငန်းများဖြစ်သည့် ရေငန်ပုစွန်မွေးမြူရေးနှင့် ကမ်းနီးကမ်းဝေး ငါးပုစွန်ဖမ်းဆီးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် လုပ်ကိုင်လျက်ရှိသည်။ ထို့အပြင် မောင်တောခရိုင်သည် နယ်စပ်ဒေသဖြစ်၍ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိရာ ဥပဒေနှင့်အညီ တရားဝင်ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်၏ ရေမြေရာသီဥတုအခြေအနေအရ ရော်ဘာဧက တစ်သိန်း စိုက်ပျိုးရန်ရည်မှန်းထားရာ ၂၀၀၅–၂၀၀၆ ခုနှစ်မှစတင်၍ ကာလတိုသုံးနှစ်အတွင်း ရော်ဘာဧကသုံးသောင်း စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ရခိုင်ပြည်နယ် အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် ၁၁ မြို့နယ်ရှိ ပျိုးဥယျာဉ်များတွင် ရော်ဘာမျိုးစေ့ သုံးသိန်းကျော် ပျိုးထောင်ပေးထားပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာများ၊ ပြည်သူများအပိုင်းကလည်း မိမိတို့ဒေသ၏ အခြေအနေပေးမှုများနှင့်အညီ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ အောင်မြင်တိုးတက်ရေးနှင့် စီးပွားရေးအခြေခံဖြစ်သည့်စိုက်ပျိုးရေး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်း၍ လမ်းများပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မရမ်းကုန်းမြို့နယ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့နှင့် ကမ္ဘာအေးစေတီလမ်းဘေး အင်းလျားကန်ပေါင်တစ်လျှောက် ရေနုတ်မြောင်းဆယ်ယူ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ပါရမီလမ်းတစ်လျှောက်၌ စက်ယန္တရားဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် မရမ်းကုန်းမြို့နယ်ရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့နှင့် ကမ္ဘာအေးစေတီလမ်းဘေး အင်းလျားကန်ပေါင်တစ်လျှောက် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ဗဟန်းမြို့နယ်ရှိ အနောက်ရွှေဂုံတိုင် လမ်းမကြီးတစ်လျှောက်၌ စက်ယန္တရားများဖြင့် ခြောက်လမ်းသွား နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရွှေဂုံတိုင်လမ်းတစ်လျှောက်ရှိ လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ကမ်းနားလမ်းတစ်လျှောက်၌ စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က လမ်းများ နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းခြင်း၊ ပျက်စီးနေသော လမ်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရုံသာမက လမ်းနှင့်ဆက်စပ်လျက်ရှိသည့် လမ်းပခုံးသားများ အစဉ်ကြံ့ခိုင်မှုရှိအောင်လည်း စစ်ဆေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကြပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား သင်တန်းကျောင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွားသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မောင်မောင်သန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော် စမ်းကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ကျောင်းသားလူငယ်များအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းပိုင်းဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တွံတေးမြို့နယ် အလံအုပ်ကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ ရောက်ရှိပြီး အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းပညာ စက်ချုပ်၊ ကတ်ထိုး၊ သိုးမွေးထိုးနှင့် ဇာပန်းထိုးသင်တန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသားများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၀၅) အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ အမှူးပြုသော အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ညွှန်ကြားရေးမှူးများနှင့် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး သဘာပတိ သရက်ဆရာတော် ဘဒ္ဒန္တကေသရက အဖွင့်ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၅) အစည်းအဝေးမှတ်တမ်းကို အတည်ပြုပြီး အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၅) အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များနှင့် ပတ်သက်၍ တင်ပြသည်။

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)၊နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့တွင် အဖွဲ့ဝင်အင်အားဖြည့်စွက်ရန်နှင့် ဧကောဒသမအကြိမ် သာသနတက္ကသီလဘွဲ့နှင်းသဘင်၌ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်များ အမည်စာရင်းကို အတည်ပြုပေးရန်တို့နှင့်ပတ်သက်၍ တင်ပြချက်များကို ဆွေးနွေးကြသည်။

ထို့နောက် အထွေထွေကိစ္စများကို ဆွေးနွေးကြပြီး သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားကာ အစည်းအဝေးကိုဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၀၅) အစည်းအဝေးတွင် သဘာပတိ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရ အဖွင့်ဩဝါဒကထာ မြွက်ကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် GGA ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဖွင့်လှစ်သည့် စိန်၊ ရွှေ၊ ကျောက်မျက်ရတနာသင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်မျိုးသူက သင်တန်းအထိမ်းအမှတ် ပန်းချီကားကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

စိန်၊ ရွှေ၊ ကျောက်မျက်ရတနာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် GGA ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဖွင့်လှစ်သည့် စိန်၊ ရွှေ၊ ကျောက်မျက်ရတနာ သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြချုပ် GGA ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

သင်တန်းအထိမ်းအမှတ်

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက သင်တန်းအထိမ်းအမှတ် ပန်းချီကားကို ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေးထံ ပေးအပ်သည်။

ထို့နောက် သင်တန်းသူများကိုယ်စား တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သီရိလှိုင်က သင်တန်းအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

ပဲခူးယ်ကုန်း အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက် မွန်းလွဲ ၁ နာရီတွင် ပဲနွယ်ကုန်းမြို့ မြို့မ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ (တပ်မှူး-မြဝတီရုပ်မြင်သံကြား မော်ဘီမြို့)၊ ဗိုလ်ကြီးမြင့်ထွေး ဖုန်း-၀၉၅၀-၂၂၅၀၈၊ ဒေါ်ခင်စန်းရီ(မင်္ဂလာဈေး)ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း (ဂမုန်းပွင့်) ဖုန်း-၀၁-၂၀၃၀၇၂၊ ဦးငွေဝင်း ဖုန်း-၀၉၅၁-၁၈၁၉၄၊ ဒေါက်တာ သိန်းထွန်း ဖုန်း-၀၅၂-၂၄၄၂၆ လိုင်းခွဲ(၃၅)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

အများပြည်သူသိရှိရန် သတိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Bisuvon 8mg Tablet (Bromhexine Hydrochloride I.P 8mg)	Cotec Pharma	India
၂။	Bisolvin Tablet (Bromhexine Hydrochloride I.P 8mg)	Uni-pex Pharmaceuticals Pvt Ltd.	India
၃။	Diphenhydramine Capsules I.P (Diphehydramine Hydrochloride I.P 25mg)	Himco Laboratories	India
၄။	Periactin Tablet (Cyproheptadine HCI 4 mg)	M & H Manufacturing Co., Ltd.	Thailand
၅။	Ventolin (Salbutamol) Inhaler (100 mcg Salbutamol BP per actuation)	Glaxo Smith Kline Pakistan Limited	Pakistan

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာစူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများတင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းကတည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကြည့်ရှုအားပေး

စက်တင်ဘာ ၁၂ရက်က လှိုင်မြို့နယ်ကျောင်းပေါင်းစုံကာယလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)၊ (၃)၊ (၄)ပြိုင်ပွဲတွင် ပထမဆုရ အမက(၃၀) လှိုင် အမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်ရာ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီနှင့် ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများက ကြည့်ရှုအားပေးစဉ်။ (ပညာရေး)

သာကေတမြို့နယ် အမှတ် (၃၀) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ ပညာရည်ချွန်ဆုရရှိသူ မောင်ကျော်မင်းခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးအောင် ဆုချီးမြှင့်စဉ်။ (က-ပ)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဇုန်နယ်မြေ ရင်းနှီးမြှုပ်နှံမှု မြင့်မားလာရေး မလေးရှားဝန်ကြီးချုပ် တိုက်တွန်း

ကွာလာလမ်ပူ စက်တင်ဘာ ၁၃

မလေးရှားအစိုးရအဖွဲ့သည် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ)လုပ်ငန်းများ ဇုန်နယ်မြေ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လာရေးအတွက် ပိုမိုဆွဲဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက သောကြာနေ့တွင် ပြောကြားသည်။

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းများ ဇုန်နယ်မြေတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက် ပြုလုပ်လာစေရေးအတွက် လိုအပ်သည့် အခြေအနေများကို ဖန်တီးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဇုန်မြေတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဆိုင်ရာဥပဒေကို မကြာမီမွမ်းမံပြင်ဆင်မှုများပြုလုပ်၍ ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဘာဒါဝီက သတင်းထောက်များအား ပြောကြားသည်။

ပြောကြား

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းများဇုန်တွင် မည်သည့်ကုမ္ပဏီမဆို ရင်းနှီး မြှုပ်နှံနိုင်စေရန် အစိုးရက စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပီနန်ပြည်နယ်တွင် ကျင်းပသည့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ နိုင်ငံတကာအကြံပေးအဖွဲ့ အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားတွင် ဘာဒါဝီက ပြောကြားသည်။

တိုက်တွန်း

စီးပွားရေး လုပ်ငန်းရှင်များနှင့် ကွန်ပျူတာနည်းပညာ ပညာရှင်များသည် ဇီဝနည်းပညာနှင့် ဆက်နွှယ်နေသော လုပ်ငန်းနယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အကျိုးစီးပွားကို ရယူကြရန် မလေးရှားဝန်ကြီးချုပ်က တိုက်တွန်းလိုက်သည်။

ပြောကြား

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းများ ဇုန်နယ်မြေရှိ ကုမ္ပဏီများ၏ ရောင်းချရမှုတန်ဖိုးသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ဒသမ ၆ ဘီလီယံဖိုးရှိကြောင်း ဘာဒါဝီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ ရေလွှမ်းမိုးမှုကြောင့် ကိုးဦးထက်မနည်းသေဆုံး

ဟန္နိုင်း စက်တင်ဘာ ၁၃

ဗီယက်နမ်နိုင်ငံ၏ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ကိုးဦးထက်မနည်း သေဆုံးရကြောင်း၊ ၎င်းတို့အနက် ခုနစ်ဦးမှာ ကလေးသူငယ်များဖြစ်ကြကြောင်း၊ ယခုလ နှောင်းပိုင်းအထိ ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပွားနိုင်သေးရာ ပိုမိုကြီးမားသော ရေဘေးအန္တရာယ်များ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်းတာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ရှိ ရေနစ်မြုပ်နေသော ကျေးရွာများမှ ဒေသခံပြည်သူ ၃၂၀၀၀ ကိုရေဘေးလွတ်ရာနေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ အန်ဂီယန်ပြည်နယ်၊ လောင်အန်းပြည်နယ်နှင့် ဒေါင်သက်ပြည်နယ်တို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေပြီး မြေပြိုနိုင်သည့် အန္တရာယ်များရှိနေကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

မိဘများ၏ ကြည့်ရှုစောင့်ရှောက်မှု မရရှိသော ကလေး လေးဦးမှာ ရေလွှမ်းမိုးမှုကြောင့် သေဆုံးရကြောင်း အန်ဂီယန်ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။အန်ဂီယန်ပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးရသောပဥ္စမမြောက်ကလေးမှာ အသက် ၁၈ နှစ် အရွယ်ရှိ မိန်းကလေးတစ်ဦးဖြစ်ပြီး သူမလိုက်ပါလာသောလှေ တိမ်းမှောက် နစ်မြုပ်ရာမှ သေဆုံးရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှား လျှပ်စစ်လုပ်ငန်း ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုရန် ကမ်းလှမ်း

ဂျာကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံသည် လျှပ်စစ်ဓာတ်အား ဖြန့်ချိမှုစွမ်းပကား မြှင့်တင်နိုင်စေရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းရှစ်ခုကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုရန် ကမ်းလှမ်းထားကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းရှစ်ခုအတွက် ရူပြား ၄၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၇ ဘီလီယံ) ကျခံသုံးစွဲရမည်ဟု ခန့်မှန်းကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တု အရင်းအမြစ်များဝန်ကြီး ပါနိုမိုယူဂန်တိုရိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တည်ဆောက်မည့် လျှပ်စစ်ဓာတ်အား စီမံကိန်းရှစ်ခုတို့ကို တိုင်ရီဘွန်မြို့၊ ပါဆူရူယန်မြို့၊ ဂျဗားအလယ်ပိုင်းတွင် ပိုင်တန်မြို့၊ ဘာလီမြို့၊ ဆုမတြားမြောက်ပိုင်း၊ ဆူလာဝေဆီတောင်ပိုင်းနှင့် အရှေ့ကာလီမင်တန်တို့တွင် တည်ဆောက်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်းမီးလောင် တစ်ဦးသေဆုံး၊ ၁၄ ဦး ပိတ်မိလျက်ရှိ

ဟာဘင် စက်တင်ဘာ ၁၃

တရုတ်နိုင်ငံ ဟေလုန်ကျန်ပြည်နယ် ရှိကျင်ယွမ် ကျောက်မီးသွေးတွင်းတွင် တနင်္ဂနွေနေ့ နံနက် ၁၀နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ ကျောက်မီးသွေးတွင်း အလုပ်သမား တစ်ဦးသေဆုံးပြီး ၁၄ ဦး ပိတ်မိလျက်ရှိကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။ ရုတ်တရက် မီးလောင်ကျွမ်းချိန်တွင်ကျောက်မီးသွေးတွင်းအလုပ်သမား ၃၁ဦးမှာ မြေအောက်၌ အလုပ်လုပ်နေကြကြောင်း ပြည်နယ်ကျောက်မီးသွေးတွင်း လုံခြုံမှုကြီးကြပ်ရေးဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာ သတင်းဌာနအား ပြောကြားသည်။

ဆက်လက်ရှာဖွေ

ကယ်ဆယ်ရေး အဖွဲ့ဝင်များက အလုပ်သမား ၁၆ ဦးကို ကယ်ဆယ်ခဲ့ပြီး အလုပ်သမားတစ်ဦး၏ အလောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ ပိတ်မိနေသည့် အလုပ်သမား ၁၄ ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။

တွေ့ရှိထား

ယင်းကြေကွဲဖွယ် အဖြစ်ဆိုးမှာ မီးလောင်ထားသော ဓာတ်ကြိုးမှ တစ်ဆင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ပဏာမ စုံစမ်းစစ်ဆေးရေးအဖွဲ့က တွေ့ရှိထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား လူ ၁၃၀ကျော် သေဆုံးပြီး ၁၆၀ ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၃၀ ကျော် သေဆုံးပြီး ၁၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှသတင်းများအရ သိရှိရသည်။

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းခါဒီမီယား အရပ်တွင် အလုပ်အကိုင်ရရှိရေးအတွက် စောင့်ဆိုင်းနေသူများ အကြား ဗုံးဖောက်ခွဲမှုဖြစ်ပွားရာ အနည်းဆုံး ၇၅ ဦး သေဆုံးပြီး ၁၆၂ ဦး ဒဏ်ရာရှိကြောင်း ဆေးရုံဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း၌လည်း အမေရိကန်စစ်ယာဉ်တန်းမောင်းနှင်လာခိုက် ဗုံးခွဲတိုက်ခိုက်မှု ထပ်မံဖြစ်ပွားပြန်ရာ အမေရိကန်ဟမ်းဗီး စစ်ယာဉ် မီးလောင်သွားပြီး ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူနှင့် ရဲတပ်ဖွဲ့မှ လာသောသတင်းများအရ သိရသည်။

ပေါက်ကွဲမှုများမဖြစ်ပွားမီ နှစ်နာရီ အလိုခန့်အချိန်ကလည်း ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကိုးမိုင်အကွာရှိ တာဂျီမြို့တွင် အီရတ်စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များ၏ ဝတ်စုံဝတ်ထားသော လူတစ်စုက လူ ၁၇ ဦးတို့ကို နံနက်အစောပိုင်းတွင် ဖမ်းဆီးသွားပြီး ပစ်သတ်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အင်တာနက်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် မီးငြိမ်းသတ်နည်း လေ့ကျင့်နေကြသော မီးသတ်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးအော်လင်းစ်တွင်ဟာရီကိန်းကြောင့် သေဆုံးသူဦးရေ ၄၀၀ ကျော်ရှိပြီ

နယူးအော်လင်းစ် စက်တင်ဘာ ၁၃

အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့တွင် ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးရသူဦးရေမှာ တနင်္ဂနွေနေ့စာရင်းအရ ၄၀၀ ကို ကျော်လွန်သွားပြီဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များသည် ရုပ်အလောင်းများကို ရှာဖွေနိုင်ရန် ရေလွှမ်းမိုးနစ်မြုပ်နေသည့် နေအိမ်များအတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဩဂုတ် ၂၉ရက်တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် သေဆုံးရသူဦးရေမှာ ကနဦး ခန့်မှန်းခဲ့သည်ထက် များစွာလျော့နည်းကြောင်း၊ မုန်တိုင်းကြောင့် လူထောင်ပေါင်းများစွာ သေဆုံးနိုင်သည်ဟု အစောပိုင်းတွင် တာဝန်ရှိသူတို့က ခန့်မှန်းခဲ့ကြကြောင်း လူဝီစီယားနားမြို့တော်ဝန် ကက်သလင်းဘလန်ကိုက ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့်နေအိမ်များအတွင်း အသက်ရှင်လျက်ပိတ်မိနေသူများ ရှိနိုင်ကြောင်း၊ မုန်တိုင်းဒဏ်မခံရမီက လူပေါင်း ၄၅၀၀၀၀ ခန့် နေထိုင်ခဲ့ရာ နယူးအော်လင်းစ်မြို့မှာ ယခုအခါ စွန့်ပစ်ခံထားရသည့် မြို့တစ်မြို့သဖွယ် လူသူခြောက်သွေ့လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

နယူးအော်လင်းစ်မြို့တွင် မုန်တိုင်းကြောင့် ခုနစ်ပေအနက်ရှိ ရေထုဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ရေကျဆင်းပြီဖြစ်ကြောင်း၊ ယင်းမြို့ရှိ ရေလွှမ်းမိုးမှု အဆိုးရွားဆုံးရပ်ကွက်များတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များက မော်တော်ဘုတ်များအသုံးပြု၍ တစ်အိမ်တက်ဆင်း ရှာဖွေလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကချင်ပြည်နယ်သည် မြေသယံဇာတ ပေါကြွယ်ဝ ရော်ဘာကို စီးပွားဖြစ် ထိထိရောက်ရောက်စိုက်ပျိုး

☆ **ရွှေ့ဖုံးမှ**

ယခုဧက ၁၀၀ စိုက်ပျိုးပြီးစီးမှု၊ မျိုးရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကချင်ပြည်နယ်တွင် ရော်ဘာကို စီးပွားဖြစ် ထိထိရောက်ရောက် အရှိန်အဟုန်မြင့် စိုက်ပျိုးနိုင်ရေး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းအပါအဝင် တာဝန်ရှိသူအဆင့်ဆင့်က ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင် တောင်သူများ စီးပွားဖြစ်စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ကချင်ပြည်နယ်သည် မြေသယံဇာတပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်၍ ပုဂ္ဂလိကများသာမက တပ်ရင်းတပ်ဖွဲ့များပါ စိုက်ပျိုးရေးအတွက် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ အရှေ့ကွင်းရှိ ကွင်းအမှတ်(၆၉) ဦးပိုင်အမှတ်(၁၇) တောင်သူဦးဒေါ်မထွန်းပိုင် ၁၁ ဒသမ ဝ၄ ဧကတွင် အောင်မြင်ဖြစ်ထွန်းနေသော ဒေသမျိုးစပါးခင်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၁၁နာရီခွဲတွင် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ်(၂၅၇/၀) မိုးကောင်းမြို့နယ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)က တည်ဆောက်နေသည့် နမ္မတီးချောင်းတံတား (ကံလှ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ပုဂ္ဂလိကရော်ဘာလုပ်ငန်းရှင် ဦးကော်ကြည်ချင်၏ ဧက ၁၅၀၀ အောင်မြေရော်ဘာခြံရှိ ရော်ဘာကြိတ်စက်ရုံ၌ ရော်ဘာပြားထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးထားသည့် တစ်နှစ်သားအရွယ် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် အလယ်မော်ဖောင်းကျေးရွာရှိ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အပင် ၆၀၀၀ရှိ ရော်ဘာစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းက မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်က အကောင်အထည်ဖော်၍ ရော်ဘာပင် ၆၂၀၀ စိုက်ပျိုးထားရှိမှု၊ အောင်မြင်ဖြစ်ထွန်းနေမှု၊ ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက်ပေးပြီး နှစ်လသားအရွယ် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ပုဂ္ဂလိက ရော်ဘာလုပ်ငန်းရှင် ဦးကော်ကြည်ချင်၏ ဧက ၁၅၀၀အောင်မြေရော်ဘာခြံအတွင်း စီးပွားဖြစ်စိုက်ပျိုးဖြစ်ထွန်းနေသော ရော်ဘာပင်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးချစ်ရွှေက ဧက ၁၅၀၀အတွင်းရှိ စိုက်ဧက ၅၈၉ဧကတွင် ရော်ဘာပင်ပေါင်း ၁၁၇၀၀၀ပင် စိုက်ပျိုးထားရှိမှု၊ အစေးထုတ်ယူမှု၊ ဝင်ငွေရရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားပြီး ရော်ဘာစိုက်ခင်းအတွင်းရှိ ၁၀နှစ်သားအရွယ် ရော်ဘာပင်တို့မှ ရော်ဘာစေးထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရော်ဘာကြိတ်စက်ရုံမှ ရော်ဘာပြားများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရော်ဘာမှိုင်းခံရုံနှင့် မှိုင်းခံရော်ဘာပြား ထုတ်ပိုးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ မိနစ် ၅၀တွင် မြစ်ကြီးနားမြို့နယ် မလိခကျေးရွာအုပ်စုရှိ နယ်ခြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းက အကောင်အထည်ဖော် စိုက်ပျိုးထားသည့် ရော်ဘာပင် ၂၂၃၀ပင်ရှိ ၁၀ဧကစိုက်ခင်းနှင့် ရော်ဘာမျိုးစေ့များကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က အရှည်ပေ ၂၈၀ သံကူကွန်ကရစ်ရက်မအမျိုးအစား နမ္မတီးတံတား(ကံလှ)ကို ၂၀၀၅ခုနှစ် မတ်လ ၄ရက်မှစတင်၍ ပန္နက်ရိုက်လုပ်ငန်း စတင်ဆောင်ရွက်မှု၊ ရေလယ်တိုင်များ အုတ်မြစ်ချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာတွင် ရေလယ်တိုင်အမှတ် P1 ရာနှုန်းပြည့်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ချဉ်းကပ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးအတွက် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က ရွှေဘို-မြစ်ကြီးနားလမ်းပိုင်း စုစုပေါင်း ၁၂၁မိုင်အတွင်း လမ်းပိုင်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းတာပေါင်မြှင့်ခြင်း၊ ရေပိတ်လွှာလောင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရွှေဘို-မြစ်ကြီးနားလမ်းကောင်းမွန်ရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကချင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှုသွက်လက်လျင်မြန်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်က လမ်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရထားလမ်းတစ်ခုတည်းသာအားကိုးမနေရဘဲ မော်တော်ယာဉ်ဖြင့် သက်သောင့်သက်သာ သွားလာနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ရွှေဘို-မြစ်ကြီးနား ကားလမ်းကို အစဉ်ကြံ့ခိုင်ကောင်းမွန်ရေးအတွက် မျက်ခြည်မပြတ် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နမ္မတီးချောင်းတံတား(ကံလှ) တည်ဆောက်ရေးလုပ်ငန်းခွင်ရှိ ရေလယ်တိုင် P2၊ P3၊ P4 ဆောင်ရွက်နေမှုနှင့် ချဉ်းကပ်လမ်းဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရွှေဘို-မြစ်ကြီးနားလမ်းအတိုင်းထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီခွဲတွင် မိုးကောင်းမြို့သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးထားသည့် တစ်နှစ်သားအရွယ် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုးကောင်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ မှာကြားသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း မိုးစပါးဧက ၆၆၀၀၀ လျာထားသည့်အနက် ဧက ၆၅၀၅၀ စိုက်ပျိုးပြီးစီးမှု၊ လာမည့်နှစ်တွင် ဧက ၄၂၀၀ တိုးချဲ့စိုက်ပျိုးရန်စီစဉ်ဆောင်ရွက်နေမှု၊ နှစ်ရှည်သီးနှံရော်ဘာဧက ၉၀ စိုက်ပျိုးထားရှိမှု အပါအဝင် မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်တင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်ဆေးရုံကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် မိုးကောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားလူနာဆောင်နှင့် သွားဆေးကုခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လင်းက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်းမြို့၌ ညအိပ်ရပ်နားကြသည်။

တပ်နယ်မိသားစုများအားတွေ့ဆုံ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ရက်နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုများအားတွေ့ဆုံ၍ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်၍ ပြည်သူတို့၏အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ကြရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာရှိ၊စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

နည်းပညာများ မည်မျှပင်တိုးတက်တိုးတက် သတင်းစာ၏ကဏ္ဍ တိမ်ကောနိုင်မည်မဟုတ်

အမျိုးသားရေး အကျိုးစီးပွားများ ထိခိုက်အောင် လွတ်လပ်မှု လွန်ကဲလာလျှင် စတုတ္ထမဏ္ဍိုင်သတင်းစာ၏ ရည်ရွယ်ချက်ပျောက်သွားနိုင်

အမျိုးသားအကျိုးစီးပွားနှင့် တိုင်းပြည်နှင့်လူမျိုးဘက်က မှန်မှန်ကန်ကန် ရပ်တည်

စတုတ္ထမဏ္ဍိုင်သတင်းစာသည် ရပ်တည်ချက်မှန်လျှင် တိုင်းပြည်နှင့်လူမျိုး အကျိုးပြုနိုင်

ရန်ကုန် စက်တင်ဘာ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ အကြံပေးအရာရှိများ၊ စာတည်းမှူးများ၊ မန်နေဂျာများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာပညာသင်တန်း သင်တန်းဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့်သတင်းစာပညာသင်တန်းသည် တပ်မတော်အစိုးရအနေဖြင့် လိုအပ်ချက်အရ တိုင်းပြည်တာဝန်ကို ယူခဲ့ရပြီးနောက် (၁၂)ကြိမ်မြောက် ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ ဤသင်တန်းသည် နိုင်ငံနှင့် လူမျိုးအတွက်ရော၊ ဌာနအတွက်ရော၊ သတင်းစာလောက အတွက်ပါအင်မတန်အရေးကြီးသည့်သင်တန်း၊ လိုအပ်သည့် သင်တန်းဖြစ်ကြောင်း။

သို့ပါ၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အလေးအနက်ထား ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ရည်ရွယ်ချက်သုံးရပ်

ဤသင်တန်းကို ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက် သုံးရပ်မှာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သတင်းစာပညာနှင့် သတင်းစာလုပ်ငန်းကို အခြေခံအားဖြင့် တတ်မြောက်နိုင်ရန်၊ သင်တန်းသား၊ သင်တန်းသူများ၏ ရှိပြီးသားလုပ်ငန်း ကျွမ်းကျင်မှု အရည်အသွေး ပိုမိုမြင့်မားစေရန်နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေးပိုမိုမြင့်မားလာစေရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးဘက်က အမြဲတမ်းရပ်တည်ပြီး အမြဲတမ်းသွက်လက်ထက်မြက်၊ အရည်အသွေးမြင့်မားသည့် သတင်းစာကို ထုတ်လုပ်သွားနိုင်စေရေးတို့ပင်ဖြစ်ကြောင်း။

ကြိုးပမ်း

ယင်းရည်ရွယ်ချက်များကိုကြည့်မည်ဆိုလျှင် မိမိတို့အတွက်ရော၊ ဌာနအတွက်ရော၊ သတင်းစာလောကအတွက်ပါ မည်မျှလောက် အရေးကြီးသည်ဆိုသည်ကို ခန့်မှန်းနိုင်ကြောင်း၊ ယင်းရည်ရွယ်ချက်များကို သင်တန်းကာလအတွင်းမှာသာ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် လိုက်နာကျင့်သုံးရုံမျှမကဘဲ နောင်အနာဂတ် သတင်းစာလောက နယ်ပယ်၌ မိမိတို့ တစ်တွေတာဝန်ယူကြသည့် အခါတွင်လည်း ယင်းရည်ရွယ်ချက်များအတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

တန်ဖိုးရှိသည့် အခွင့်အရေး

ယင်းကဲ့သို့ အရေးကြီးသည့် သင်တန်းဖြစ်သည့်အတွက် သင်တန်း၏ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် သတင်းစာလောက၌ နှစ်ပေါင်းများစွာ အတွေ့အကြုံကြွယ်ဝ ရင့်ကျက်သည့် သတင်းစာပညာရှင်ကြီးများ၊ စာပေလောကတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီး ရင့်ကျက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများက သင်တန်း၌ ပါဝင်ဆွေးနွေး ပို့ချကြမည်ဖြစ်ကြောင်း၊ အသိပညာ ဗဟုသုတကို ရှာကြသည့်နေရာတွင် ကိုယ့်ဘာသာရှာပါက အချိန်များစွာပေးရပြီး ပင်ပင်ပန်းပန်း ကြိုးစားမှရနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ယခုလို အတွေ့အကြုံ ရင့်ကျက်၍ ဗဟုသုတကြွယ်ဝသည့် ပညာရှင်ကြီးများက ပို့ချ ဆွေးနွေးသည့်အခါ လွယ်လွယ်ကူကူ သက်သက်သာသာ အချိန်တိုအတွင်းတွင် ပညာဗဟုသုတ အများအပြားရနိုင်မည် ဖြစ်ကြောင်း၊ ယင်းတို့မှာ သင်တန်းသား၊ သင်တန်းသူများအတွက် အင်မတန် တန်ဖိုးရှိသည့် အခွင့်အရေး တစ်ခုဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

ထို့ကြောင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဝါရင့် ဆရာ၊ ဆရာမကြီးများ၏ သင်ကြားပို့ချမှုကို အပတ်တကုတ်ကြိုးပမ်းပြီး နာယူမှတ်သားကြရန် အကြံပြုတိုက်တွန်းမှာကြားလိုကြောင်း၊ အလားတူပင် ဝါရင့်ဆရာ၊ ဆရာမကြီးများထံမှ ပညာဗဟုသုတနှင့် အတွေ့အကြုံများကို အိတ်သွန်ဖာမှောက် ရရှိအောင်လည်း ကြိုးပမ်းကြစေလိုကြောင်း။

စာတွေ့လက်တွေ့

ယနေ့ဖွင့်လှစ်သည့် သတင်းစာပညာ သင်တန်း၏ သင်ရိုးညွှန်းတမ်းတွင် သမားရိုးကျ သတင်းစာပညာ၊ သတင်းလုပ်ငန်း၏ အခြေခံဘာသာရပ်များ၊ Knowledge age နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့် Information Communication Technology သုံးပြီး သတင်းစာပညာကို ဆောင်ရွက်သည့် အကြောင်းအရာများကိုလည်း စာတွေ့လက်တွေ့သင်ကြားမည်ဖြစ်သကဲ့သို့ ယနေ့ သတင်းစာလောကတွင် မပါမဖြစ်လိုအပ်နေသေးသည့် ဓာတ်ပုံပညာ၊ ကွန်ပျူတာပညာ၊ အင်တာဗျူးလုပ်နည်း၊ သတင်းလိုက်နည်း၊ သတင်းရေးသားနည်းများပါ သင်ကြားရန် ထည့်သွင်းထားသည်ကို တွေ့ရကြောင်း။

သတင်းစာသည် ရှေးနှစ်ပေါင်းများစွာကတည်းက လူထုဆက်သွယ်ရေး မီဒီယာတစ်ခုအနေဖြင့် ရှိခဲ့ကြောင်း၊ ယနေ့လည်း ထိုအတိုင်းပင်ရှိနေကြောင်း၊ နည်းပညာများ မည်မျှပင်တိုးတက်တိုးတက် သတင်းစာ၏ အခန်းကဏ္ဍသည် တိမ်ကောသွားနိုင်မည်မဟုတ်ကြောင်း၊ ဆက်လက်၍ လူထုဆက်သွယ်ရေး မဏ္ဍိုင်အနေဖြင့် ရှိနေဦးမည်ဖြစ်ကြောင်း။

လိုက်လျောညီထွေ

ထို့အပြင်နိုင်ငံတော်အစိုးရအနေနှင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဖော်ဆောင်နေသကဲ့သို့ တစ်ဖက်ကလည်း အနာဂတ်တွင် ပေါ်လာမည့် ဒီမိုကရေစီစနစ်နှင့်လိုက်လျောညီထွေရှိမည့် နိုင်ငံတော်အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေကြောင်း၊ တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေကြောင်း၊ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးနေကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်းပြည်ပအဖျက်အမှောင့်သမားများက ယင်းသို့ တည်ဆောက်မှုများ မအောင်မြင်အောင် ဘက်ပေါင်းစုံက နှောင့်ယှက်တိုက်ခိုက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪**

နိုင်ငံကြီးအချို့က မီဒီယာကို ထိုးစစ်လက်နက်အဖြစ် အသုံးပြုလျက်ရှိသဖြင့် နိုင်ငံငယ်များကလည်း မီဒီယာကို ထိုးစစ်၊ တန်ပြန်ထိုးစစ်လက်နက်အဖြစ်အသုံးပြု

➪ စာမျက်နှာ ၆ မှ

ထို့ကြောင့်ယင်းနှောင့်ယှက်တိုက်ခိုက်မှုများကို တားဆီးကာကွယ်ချေမှုန်းပြီး ယနေ့နိုင်ငံတော်က တည်ဆောက်နေသည့် တည်ဆောက်မှုများ အောင်မြင်အောင် သတင်းစာသည်လိုအပ်နေဦးမည်ဖြစ်သကဲ့သို့ အထောက်အကူများစွာ ပေးနိုင်သည့် မီဒီယာတစ်ခုအနေနှင့်လည်း ရှိနေဦးမည်ဖြစ်ကြောင်း။

သို့ပါ၍ ယခုသတင်းစာပညာသင်တန်းတွင် တက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယနေ့သတင်းစာလောကတွင် အရည်အသွေးမြင့်မားသည့် သတင်းစာသမားများဖြစ်လာအောင် နောင်အနာဂတ် ဒီမိုကရေစီနိုင်ငံအတွက် တိုင်းပြည်နှင့် လူမျိုးဘက်က အမြဲရပ်တည်ပြီး ဆောင်ရွက်သွားမည့် အရည်အသွေးရှိသည့် သတင်းစာဆရာများ ဖြစ်လာအောင် မိမိတို့ဝန်ကြီးဌာနက မျှော်မှန်းပါကြောင်း၊ ထိုသို့ဖြစ်လာအောင်လည်း ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မဏ္ဍိုင်ကြီး(၄)ရပ်

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံသား၊ နိုင်ငံသူများ၏ အခွင့်အရေးများ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ကြသည့်နေရာတွင် မဏ္ဍိုင်ကြီး(၄)ရပ်ဖြင့် ဆောင်ရွက်ရကြောင်း၊ ယင်းမဏ္ဍိုင်ကြီး(၄)ရပ်မှာ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့က တစ်ဖက်ရှိနေပြီး ယင်းမဏ္ဍိုင်(၃)ရပ် မှန်မှန်ကန်ကန်လည်ပတ်နေရန် စတုတ္ထမဏ္ဍိုင်ဟုခေါ်သည့် သတင်းစာလူထုဆက်သွယ်ရေးမဏ္ဍိုင်က ထိန်းညှိပေးသည်ဟုသိရကြောင်း။

ယင်းသို့ ထိန်းညှိပေးရာတွင် ယင်းလူထုဆက်သွယ်ရေးသတင်းစာမဏ္ဍိုင်သည် အလွန်အမင်းလွတ်လပ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တိုင်းပြည်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ အမျိုးသားရေး အကျိုးစီးပွားများထိခိုက်အောင် လွတ်လပ်မှုလွန်ကဲလာလျှင် ယင်းစတုတ္ထမဏ္ဍိုင်၏ ရည်ရွယ်ချက်ပျောက်သွားနိုင်ကြောင်း။

မှန်မှန်ကန်ကန်ရပ်တည်

ထို့ကြောင့် လူထုဆက်သွယ်ရေးသတင်းစာမဏ္ဍိုင်ကိုတည်ဆောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများသည် စတုတ္ထမဏ္ဍိုင်ကို တည်ဆောက်ကြသည့်အခါ အမျိုးသားအကျိုးစီးပွားနှင့် တိုင်းပြည်နှင့် လူမျိုးဘက်ကအမြဲတမ်းမှန်မှန်ကန်ကန်ရပ်တည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း။

ယင်းကြောင့် သတင်းစာသမားများ၏ ယုံကြည်ချက်၊ စေတနာ၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုတို့သည် များစွာအရေးကြီးကြောင်း၊ စွမ်းအားကြီးမားသည့် စတုတ္ထမဏ္ဍိုင်သတင်းစာသည် ရပ်တည်ချက်မှန်လျှင် တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုနိုင်မှာဖြစ်ကြောင်း။

ဖွတ်အတင်းသွတ်သွင်း

မီဒီယာအင်အားကြီးမားသည့်နိုင်ငံများ၏ အန္တရာယ်ကို ဆက်လက်ပြောရမည်ဆိုလျှင် မီဒီယာအင်အားကြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲ အင်အားနည်းသည့် နိုင်ငံငယ်ကလေးများအပေါ် ကိုလိုနီလက်သစ်ဝါဒ ကျင့်သုံးပြီး အနိုင်ကျင့်နေသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ယင်းနိုင်ငံကြီးများသည် ကိုလိုနီလက်သစ်ဝါဒကိုသုံးပြီး နိုင်ငံငယ်ကလေးများအပေါ် ၎င်းတို့လိုလားသည့် နိုင်ငံရေးအယူအဆ၊ လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့များကို ဖွတ်အတင်း သွတ်သွင်းနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ယင်းသို့သွတ်သွင်းသည့်အခါ ၎င်းတို့အနိုင်ကျင့်သမျှ လုပ်ရပ်များကို ခုခံလိုစိတ်မရှိအောင်၊ သူတို့လုပ်သမျှ အလျှော့ပေးလာအောင် မီဒီယာနည်းမျိုးစုံသုံးပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ မီဒီယာများကို မတော်မလျော်သုံးပြီး နိုင်ငံငယ်များ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ချေမှုန်းဖျက်ဆီးပစ်နေကြကြောင်း၊ ယင်းအန္တရာယ်များကို ကြံ့ကြံ့ခံတားဆီးနိုင်ရန် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်ခံအားများ အခိုင်အမာ တည်ဆောက်ရန်လိုအပ်ကြောင်း။

မီဒီယာလက်နက်

ယနေ့သင်တန်းသား၊ သင်တန်းသူများသည် မိမိတို့၏ကိုယ်ခံအားကောင်းအောင် မိမိကိုယ်ကိုတည်ဆောက်ပေးရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ ကိုယ်ခံအားကောင်းအောင်လည်း မိမိတို့ဆောင်ရွက်ရမည့် မီဒီယာနည်းနှင့် တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံကြီးအချို့က မီဒီယာကို ထိုးစစ်လက်နက်အဖြစ် အသုံးပြုလျက်ရှိသဖြင့် နိုင်ငံငယ်ကလေးများအနေနှင့်လည်း မီဒီယာကို ထိုးစစ်လက်နက်၊ တန်ပြန်ထိုးစစ်လက်နက်အဖြစ် အသုံးပြုရမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံငယ်ကလေးများ၏ မီဒီယာသမားများသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစစ်မျက်နှာများတွင် မီဒီယာထိုးစစ်သူရဲကောင်းများဖြစ်လာအောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ အလားတူ မိမိနိုင်ငံ၏ အခြေအနေမှန်ကို ကမ္ဘာ့ပြည်သူများအမှန်အတိုင်းမြင်လာအောင်၊ သိလာအောင် အစွမ်းကုန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ သတင်းစာသင်တန်းက ပို့ချ လိုက်သည့် စာတွေ့၊ လက်တွေ့သတင်းစာပညာများကို စိတ်ပါလက်ပါ အပတ်တကုတ် ကြိုးစားသင်ယူကြပါ၊ သင်တန်း၏ရည်မှန်းချက် သုံးရပ်အောင်မြင်အောင် ဆောင်ရွက်ကြပါ၊ သင်တန်းကာလမှာသာမကဘဲ လက်တွေ့နယ်ပယ်မှာလည်း ယင်းရည်ရွယ်ချက်သုံးရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြပါ။

ဆန်းသစ်တီထွင်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် မီဒီယာလုပ်ငန်းကို ဆောင်ရွက်သည့်နေရာတွင် နယ်စပ်ဒေသပါမကျန် Media Cover ဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံအတွင်းသာမကကမ္ဘာကိုပါ ထိုးဖောက်နိုင်အောင်ကြိုးပမ်းဆောင်ရွက်ကြပါ၊ မီဒီယာလုပ်ငန်းကို ဆောင်ရွက်သည့်နေရာတွင် သွက်လက်ထက်မြက်ပြီး အမြဲတမ်းအရည်အသွေးမြင့်မားနေအောင် ကြိုးပမ်းဆောင်ရွက်ပါ၊ မီဒီယာလုပ်ငန်းဆိုသည်မှာ တစ်သမတ်တည်းလေ့နံ့စားထစ်ဆောင်ရွက်လျှင် မရှင်သန်နိုင်သောကြောင့် အမြဲတမ်းရှင်သန်ထက်မြက်နေအောင် ဆန်းသစ်တီထွင်ကြိုးပမ်းကြပါ၊ မိမိတို့၏ မီဒီယာလုပ်ငန်းများကို ဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်း တိုင်းပြည်နှင့်လူမျိုးအကျိုးဆိုသည့် ပေတံဖြင့်တိုင်းတာပြီးလျှင် တိုင်းပြည်နှင့်လူမျိုး အကျိုးဘက်က ရပ်တည်၍ ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၄၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

☆ **မီဒီယာလုပ်ငန်းကိုဆောင်ရွက်သည့်နေရာတွင် နယ်စပ်ဒေသပါမကျန် Media Cover ဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်။**

☆ **နိုင်ငံအတွင်းသာမက ကမ္ဘာကိုပါ ထိုးဖောက်နိုင်အောင်ကြိုးပမ်း။**

☆ **မီဒီယာလုပ်ငန်းကို ဆောင်ရွက်သည့်နေရာတွင် သွက်လက်ထက်မြက်ပြီး အမြဲတမ်း အရည်အသွေးမြင့်မားနေအောင် ကြိုးပမ်းဆောင်ရွက်။**

☆ **မီဒီယာလုပ်ငန်းဆိုသည်မှာ တစ်သမတ်တည်း လေ့နံ့စားထစ်ဆောင်ရွက်လျှင် မရှင်သန်နိုင်သောကြောင့် အမြဲတမ်း ရှင်သန်ထက်မြက်နေအောင် ဆန်းသစ်တီထွင်။**

☆ **မီဒီယာလုပ်ငန်းများကို ဆောင်ရွက်တိုင်းဆောင်ရွက်တိုင်း တိုင်းပြည်နှင့်လူမျိုးအကျိုးဆိုသည့် ပေတံဖြင့်တိုင်းတာပြီးလျှင် တိုင်းပြည်နှင့်လူမျိုးအကျိုးဘက်က ရပ်တည်။**

ဆုချီးမြှင့်

မွန်ပြည်နယ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး (အခြေခံပညာ ပြည်နယ်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၈ရက်ကမော်လမြိုင်မြို့ အ-ထ-က (၈) ယင်းမာခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ် ပြိုင်ပွဲဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၄

ကျေးလက်နှင့် မြို့ပြဒေသမကျန် မြန်မာနိုင်ငံတစ်ဝန်း ပညာဗဟုသုတရှာမှီးလိုသူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့်ဝတ္ထု၊ ပုံပြင်၊ ဆောင်းပါး၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ သတင်းအတိုအထွာများအပြင် စာပေရေးရာ ကောက်နုတ်ချက်များပါဝင်သော သုတနှင့် ရသ အဖြာဖြာကို ဖြန့်ဖြူးပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



ယခုအပတ်ဒို့ကျေးရွာဂျာနယ်တွင် ရွှေတိဂုံစေတီတော်မိုးရာသီဓာတ်ပုံပြပွဲ၊ ဒို့ကျေးရွာမှ ပေါ်ထွက်ခဲ့သည့် ပညာရှိကဝိစာရေးဆရာ၊ ဒို့ကျေးရွာက ကွမ်းနုဝါ၊ ကောက်ရိုးနွယ်နှင့် ထမင်းမြိန်စရာ မိုးဦးကျလယ်တောဟင်းလျာများ၊ စီးပွားဖြစ်ကြက်မွေးမြူနည်း၊ ရေသယံဇာတ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံ၊ တောင်သူလယ်သမားတို့ အလေးထားရမည့် ထူးပေါက်အကြောင်းနှင့် ဆေးအစွမ်းထက်မြက်သည့် ကုံကုမံ စသည့် ဆောင်းပါးများအပြင် ဝတ္ထုတို၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းအတိုအထွာများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀-၃၂)၊ ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	Art &Technology Talk (ဦးမြင့်မောင်ကျော်နှင့်တွေ့ဆုံခြင်း)
၇း၄၅	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	ကျောက်မီးသွေးအကြောင်းသိကောင်းစရာ
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဗွီစီဒီမိတ်ဆက်(ချစ်ကောင်း-ကော်ဖီခါးခါးအလှည့်)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ဖီဖာကမ္ဘာ့ဖလား
၁၀း၁၅	ရန်ကုန်ထရမ်စဖော်မာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၄ နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၃၀ **Everton-Portsmouth**

လိုင်း 5-Cartoons(Delay)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၉-၂၀၀၅

မြိတ်

၁၀ ဒသမ ၆၃ လက်မ

ကော့သောင်း

၂ ဒသမ ၁၃ လက်မ

မင်းတပ်

၂ ဒသမ ၀၉ လက်မ

ပခုက္ကူ

၂ ဒသမ ၀၁ လက်မ

မုံရွာ

၀ ဒသမ ၇၉ လက်မ

ချောက်

၀ ဒသမ ၅၁ လက်မ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဟန်ချက်ညီညီအကောင်အထည်ဖော်ခဲ့

✧ ကျော်ဖုံးမှ

စီမံကိန်းသုံးခုကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်နှင့်မတူတော့ဘဲ သိသိသာသာ ပြောင်းလဲဖြစ်ပေါ် တိုးတက်လျက်ရှိနေသည်။ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်ဒေသများ အားလုံးပါမကျန် ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် မွန်ပြည်နယ်ရှိ ကျေးလက်ဒေသများသည် ယခင်ကနှင့်မတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ကြည့်ရှုအားပေး

မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်နိုင်မှုများကို ကြည့်ရှုစစ်ဆေးအားပေးရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ယခုလအတွင်း မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာသို့ ရောက်ရှိခဲ့သည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၁၃ ရက်က ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ၌ ကျင်းပခဲ့သည့် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်လှစ်

အစီအစဉ်အရ နတ်ကြီးချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်းတို့က ပေ ၁၂၀ X ပေ ၃၀ ရှိ လေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ကျောင်းခန်းမ၌ ၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ကြသည်။

အလှူငွေပေးအပ်

အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ နတ်ကြီးချောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသန်းက ငွေကျပ် ၁၀သိန်း၊ ကျခတ်ငှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က ငွေကျပ် ၁၀သိန်း၊ ရာဇာမင်း ခရီးသည်ပို့ဆောင်ရေးက ငွေကျပ်နှစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းအား ပေးအပ်လှူဒါန်းကြသည်။

မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပေ၁၂၀ X ပေ၃၀ ရှိ လေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ နတ်ကြီးချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ရပ်မိရပ်ဖ ဦးသင်းဖေက ကျေးဇူးတင်စကားပြောကြားရာတွင် ဤကျောင်းကြီး သည် ၁၉၆၃ ခုနှစ်က မူလတန်းအဆင့်သာ သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ ၁၉၈၁ ခုနှစ်တွင် အလယ်တန်းအဆင့်အဖြစ် တိုးမြှင့်သင်ကြားနိုင်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အထက်တန်းအဆင့် သင်ကြားနိုင်သော ကျောင်းခွဲအဖြစ် တိုးမြှင့်လာခဲ့ကြောင်း၊ ယခင်က ရှစ်တန်းအောင်၍ အထက်တန်းကျောင်းသို့ ထားလိုပါက ဤရွာမှ ခုနစ်မိုင်ဝေးသည့် ပေါင်မြို့ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရသည့်အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ယခုဆိုလျှင် မိမိတို့ နတ်ကြီးချောင်ကျေးရွာမှာပင် အထက်တန်းပညာကို လွယ်ကူစွာ သင်ယူနိုင်ပြီဖြစ်သဖြင့် မိဘများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါကြောင်းဖြင့် ရင်တွင်းစကားကိုပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က တိုးတက်ပြောင်းလဲလာနေသော နိုင်ငံတော်၏ ပညာရေးအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

နတ်ကြီးချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၏ ကျောင်းဆောင်သစ်သည် နိုင်ငံတော်အစိုးရ၏ မတည်ငွေကျပ် ၄၆သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးပံ့ပိုးမှုဖြင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၂၁သိန်း စုစုပေါင်း ငွေကျပ် ၆၇ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ထားသောကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရှိရသည်။

အခမဲ့ကုသ

ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည့် အချိန်နှင့်တစ်ပြိုင်တည်းမှာပင် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ခဲ့ရာ မျက်စိဝေဒနာရှင် ၅၇ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၁၅ဦး၊ မီးယပ်/သားဖွားဝေဒနာရှင် ၁၉ဦး၊ ခွဲစိတ်ကုသမှု ဝေဒနာရှင် ခြောက်ဦး၊ သွားရောဂါရှင် ၁၆ဦး၊ ကလေးလူနာ ၄၂ဦး၊ စိတ်ရောဂါဝေဒနာရှင် ငါးဦးနှင့် အခြားဝေဒနာရှင် ၇၀ တို့အား အခမဲ့ဆေးဝါးကုသခြင်း၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။

အလားတူ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များကလည်း ကျေးလက်စကားဝိုင်းများ ဖွဲ့စည်းပြီး ကျေးလက်နေပြည်သူများ အသိတရားနိုးကြားရေးအတွက် ကျေးလက်ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာမှ ပြည်သူများနှင့် ကျေးလက်စကားဝိုင်းများဖွဲ့စည်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အဆိုပါကျေးလက်စကားဝိုင်းတွင် ကျေးလက်မှ အမျိုးသမီးများက တီဘီရောဂါကင်းဝေးရေး ဆောင်ရွက်ပေးနေမှုများ၊ အမျိုးသမီးများတွင်အဖြစ်များသည့် သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာ ကုသ၍ ရနိုင်မှု ရှိ၊ မရှိ အခြေအနေများ၊ မျက်စိဝေဒနာရှင်နှင့် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းမှုများအတွက် ကုသလိုမှုများ၊ ပညာထူးချွန်ပြီး ငွေကြေးမတတ်နိုင်သော ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ပညာ ဆက်လက်သင်ကြား

ယခင်ကနှင့်မတူ

☆ စီမံကိန်းသုံးခုကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်နှင့်မတူတော့ဘဲ သိသိသာသာ ပြောင်းလဲဖြစ်ပေါ် တိုးတက်လျက်ရှိနေသည်။

☆ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်ဒေသများ အားလုံးပါမကျန် ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော နတ်ကြီးချောင်ကျေးရွာမှ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးရွာများ၏ကျန်းမာရေး ဇောက်ချ၍ ဆောင်ရွက်ပေးနေ

ကျောင်းသူများ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေးကိစ္စများကို လူမှုရေးအသင်းအဖွဲ့များက အကူအညီပေးနိုင်မှုများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

အသေးစိတ်ဆွေးနွေး

တစ်ချိန်တည်းမှာပင်ကျင်းပသည့် အမျိုးသမီးရေးရာစကားဝိုင်းတွင် မြို့နယ်နှင့်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက နတ်ကြီးချောင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အမျိုးသမီးရေးရာ စကားဝိုင်းတွင် ဒေသခံအမျိုးသမီးများက မိဘများကိုကူညီဆောင်ရွက်ပေးနေရသည့် ကလေးများအတွက် ပညာသင်ကြားရေးကိုမည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးပါသလဲ။ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းသည့် ကလေးများသည် အခြားသော ကလေးများကဲ့သို့ ပညာသင်ကြားခွင့်ရှိပါသလား။ ရပ်ရွာပညာပဒေသာဌာနဆိုတာ ဘာပါလဲ။ အချို့သော အမျိုးသမီးများဟာ တစ်ဖက်နိုင်ငံသို့သွားရောက်ပြီး စီးပွားရှာဖို့ဆန္ဒပြင်းပြနေရာ ယင်းအမျိုးသမီးများအတွက် ဘာတွေလုပ်ပေးနိုင်ပါသလဲ။ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ဘယ်လိုနေရာမှာ ယူလို့ရပါသလဲ။ ကာကွယ်ဆေးတိုက်ချိန် မိသားစုခရီးလွန်နေပါက ဘယ်လိုနေရာမျိုးများ အကူအညီ တောင်းခံရပါသလဲ။ ငွေကြေးချို့တဲ့ပြီး ဆေးကုသမှု စရိတ်မတတ်နိုင်သည့် အဘိုး၊ အဘွားများအား အမျိုးသမီးရေးရာအဖွဲ့က ဘယ်လိုအတိုင်းအတာအထိ ဆောင်ရွက်ပေးနိုင်ပါသလဲ စသည့် မေးခွန်းများကို ပွင့်ပွင့်လင်းလင်း မေးမြန်းကြရာ အဖွဲ့ဝင်များက ရင်းရင်းနှီးနှီး ပြန်လည်ဖြေကြားကြသည်။

လေ့လာသုံးသပ်

အဆိုပါလှုပ်ရှားမှုများကို ဆန္ဒစွဲမပါဘဲ ဂဃနဏ ကြည့်ရှုလေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် နိုင်ငံတော် အစိုးရအနေဖြင့် မြို့ကြီးများမှာသာ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနေသည်မဟုတ်ဘဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ကျေးရွာများ၏ကျန်းမာရေးကို ဇောက်ချ၍ လုပ်ကိုင်ဆောင်ရွက်ပေးနေသည်မှာ မျက်မြင်ထင်ရှားပင်ဖြစ်သည်။

လူမှုရေးအသင်းအဖွဲ့များအနေဖြင့် တီဘီရောဂါ ကာကွယ်ရေးအစီအစဉ်၊ HIV/AIDS ပညာပေးအစီအစဉ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရှိနိုင်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူ ပေါင်းစည်းညီညွတ်မှုဖြင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ်ပေါင်မြို့နယ်မှ နတ်ကြီးချောင် ကျေးရွာသည်လည်း ယခင်ကနှင့်မတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်မီးရရှိ

ဒေသအတွင်း ကျုံ့က ရေအားလျှပ်စစ်လုပ်ငန်းကြောင့် ကျေးရွာသုံးရွာလျှပ်စစ်မီးရရှိလာရာ ရုပ်မြင်သံကြား အစီအစဉ်များအပြင် ဂြိုဟ်တုစလောင်းများကိုလည်း တပ်ဆင်အသုံးပြုလာနိုင်သည်ကို တွေ့ရသည်။ ထို့ပြင် ကျေးလက်များ၌ တယ်လီဖုန်းတပ်ဆင်အသုံးပြုလာနိုင်ပြီး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်၍ စာပေပညာဗဟုသုတများ တိုးပွားရန် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုနိုင်လျက်ရှိသည်။

ဖြစ်ထွန်းအောင်မြင်

နတ်ကြီးချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ ကျေးရွာစိုက်ခင်းကြီးများဖြစ်ကြသည့် ဥယျာဉ်ခြံကြီးများ၊ လယ်ယာစိုက်ခင်းကြီးများနှင့်အတူ မွေးမြူရေးခြံကြီးများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

နတ်ကြီးချောင်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် စီးပွားရေးအခြေအနေ တိုးတက်လာသည်မှာ မျက်မြင်ထင်ရှားဖြစ်သည်။

ပြည်တွင်း/ပြည်ပ အဆိုးမြင်ဝါဒီများ၏ ဝေဖန်ပုတ်ခတ်စွပ်စွဲချက်များသည် မမှန်ကန်ကြောင်း ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုက ထင်ထင်ရှားရှားသက်သေသာဓက ပြနေပြီဖြစ်သည်။

(သတင်းစဉ်)

ဒေသအတွင်း ကျုံ့က ရေအားလျှပ်စစ်လုပ်ငန်းကြောင့် ကျေးရွာသုံးရွာ လျှပ်စစ်မီးရရှိလာရာ ရုပ်မြင်သံကြား အစီအစဉ်များအပြင် ဂြိုဟ်တုစလောင်းများကိုလည်း တပ်ဆင် အသုံးပြုလာနိုင်၊

ကျေးလက်များ၌ တယ်လီဖုန်း တပ်ဆင်အသုံးပြုလာနိုင်ပြီး ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်၍ ပညာဗဟုသုတများတိုးပွားရန် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုနိုင်လျက်ရှိ၊

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ ။

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၉၈၉၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဇုန်များ၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ) အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင် လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူး အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊(င)အုပ်စု တပခဇုန်(တောင်ငူ) အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်၌ ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၁၄

စစ်တောင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ အချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၈၃စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ် ၆၀၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဘုရားသုံးဆူစေတီ ရွှေထီးတော်သစ် တင်လှူ ပူဇော်ပွဲကိုသောက အနေကဇာတင် မင်္ဂလာကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ခိုယောင်း ကျေးရွာအနီးရှိ ဥဒေါင်းပျော်တောင်ဘုရားသုံးဆူကုန်း၌ မူလပိန်းနင်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒ တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော် ၂၃ပေရှိ စူဠာမဏိ၊ ဆုတောင်းပြည့်၊ ကျိုက်ထီးရိုးစေတီတော်သုံးဆူတို့အား ဉာဏ်တော်မြှင့်တင် ပူဇော်ခြင်း၊ ရွှေထီးတော်အသစ် တင်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူ ပူဇော်ခြင်းတို့ကို ၁၃၆၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်၊ ဇူလိုင် ၃၀ရက်တွင် မြို့နယ်သံဃနာယက ဆရာတော်များ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြသည်။

(သတင်းစဉ်)

တရားတော်များ အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် စက်တင်ဘာ ၁၄

၁၃၆၇ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) စက်တင်ဘာ ၁၇ရက် (စနေနေ့)နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒက "ဂရုဓမ္မအခါတော်နေ့ တရားတော်"ကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂါရဝက "ဥပုသ်သီလအကြောင်း သိကောင်းစရာ တရားတော်"ကို လည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ (သတင်းစဉ်)

မုန်တိုင်းအထူးသတင်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁၄

ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ယနေ့နံနက်မြန်မာစံတော်ချိန်ဝ၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ ယင်းမုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ထိုင်းနိုင်ငံဗန်ကောက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၈၀ခန့်အကွာတွင် ဗဟိုပြုနေသည်။ ယင်းကုန်းတွင်း မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် နာရီအနည်းငယ်အတွင်း ကပ္ပလီပင်လယ်ပြင်အတွင်းဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	အကပဒေသာ
၈း၃၀	၈။	International News.
၈း၄၅	၉။	Let's Go..
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English For Everyday Use.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀	၇။	**၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)**
၅း၄၅	၈။	မြန်မာစာ မြန်မာစကား
၆း၀၀	၉။	တေးဂီတအစီအစဉ်
၆း၁၅	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆း၃၀	၁၁။	ညနေခင်းသတင်း
၇း၀၀	၁၂။	မိုးလေဝသအခြေအနေ
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၁၇)**
၇း၃၅	၁၄။	(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဂေါက်သီး)
၇း၄၅	၁၅။	လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော်
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ"(အပိုင်း-၁၁)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ဂရုဓမ္မ ခေါ်ဆိုမည် ပဉ္စသီခါးဝတ်မြဲ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

“ဂရုဓမ္မ ခေါ်ဆိုမည်
ပဉ္စသီ ခါးဝတ်မြဲ
ငရဲ လွတ်ပြီ။
လောကီမြတ် ကျိုးတစ်လီ
ပေါလိုင်မည် “ဆန်” “ရေ” “စပါး”
ဘေးဘယာ ကာကွယ်ထား
ကင်းဝေးဖယ်ရှား”။ ။

ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သံဃာတော်အရှင်သူမြတ်များ ဝါဆိုဝါကပ်သည့် ဝါတွင်းသုံးလကို ဗုဒ္ဓဘာသာဝင်မြန်မာတို့က မြတ်သောအချိန်အခါဟု သတ်မှတ်ကြပေသည်။ ဥပုသ်သီလရက်ရှည်စောင့်ကြသည်။ ငါးပါးသီလ လုံအောင်ထိန်းကြသည်။ ကုသိုလ်တရားပွားများ၍ အကုသိုလ်တရားနည်းပါးပပျောက်အောင် သီလခံယူဆောက်တည်ကြသည်။ ဝါဆိုဝါကပ်ကြသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ ကွမ်း၊ ဆေးဝါးများ ဆက်ကပ်လှူဒါန်းကြသည်။ ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင် ပါဝင်သည့် တော်သလင်းလပြည့် နေ့သည်လည်း လှူရေး၊ တန်းရေး၊ ဥပုသ်သီတင်းဆောက်တည်ရေးတို့ဖြင့် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များတွင် စည်ကား သိုက်မြိုက်လျက်ရှိသော မြတ်ဗုဒ္ဓ၏ ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။ ထိုနေ့ ထိုအခါ သူတော်စင်များမေတ္တာပွားများကြသည်။ ဂရုဓမ္မဆိုသည်ကား တော်သလင်းလပြည့်နေ့တွင် ဗုဒ္ဓဟောကြားတော်မူသော အခြေခံသီလတရားပင်ဖြစ်သည်။

“သူ့အသက် မသတ်ခြင်း၊
သူ့ဥစ္စာ မခိုးခြင်း၊
သူ့အိမ်ရာကို မပြစ်မှားခြင်း၊
မဟုတ်မမှန်သော စကားကိုမဆိုခြင်း၊
သေရည်သေရက်ကို မသောက်ခြင်း”

တည်းဟူသော ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းရမည့် သီလတရားပင်ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီး ရက်ပေါင်း ၆၀၊ နှစ်လအကြာ ဝါဆိုလပြည့်နေ့ ရောက်သောအခါတွင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ချမှတ်၍ ဖြည့်ကျင့်တော်မူခဲ့နိုင်သည်။ သို့သော် ဝါတွင်းကာလနှင့် ကြုံကြိုက်နေ၍ ခရီးမဆန့်သာဘဲဖြစ်နေသည်။ ဝါလအတွင်း၌ ပဉ္စဝဂ္ဂီရဟန်းတို့အား–

- **ဓမ္မစက္ကပဝတ္တန=သဘောတရားရေးရာများကို စက်သဖွယ် လှည့်၍ ပြဆို သော ဓမ္မစက္ကပဝတ္တနသုတ်ကို လည်းကောင်း၊**
- **အနတ္တလက္ခဏ=အတ္တကွယ်ပျောက်၍ အနတ္တပေါက်ရောက်သွားသည်အထိ ရှုမြင်စေသော အနတ္တလက္ခဏသုတ်ကို လည်းကောင်း**

အကျယ်တဝင့် ဟောကြားတော်မူရင်း ထိုမိဂဒါဝုန်တောမှာပင် ပဉ္စဝဂ္ဂီရဟန်းတို့နှင့်အတူ ဝါကပ်၍ နေတော်မူသည်။ တစ်နည်းအားဖြင့် ဆိုသော် ဝါတွင်းသုံးလပတ်လုံး ဗုဒ္ဓလမ်းစဉ်အတိုင်း အကျင့်သီလဆောက်တည်ခြင်းကို မမေ့မလျော့ ကျင့်ကြံအားထုတ်ကြရန် ရဟန်းတို့အား ဟောကြားတော်မူခဲ့လေသည်။

ဝါဆို၊ ဝါခေါင်တွင် ရေဖောင် လွှမ်းခဲ့သော မြစ်ပြင်သည် **“ရေသင်ဖြူးခင်း တော်သလင်း”**ဟူသည့်အတိုင်း ငြိမ်သက်သာယာနေလေသည်။ သင်ဖြူးများ ခင်းဖြန့်ထားသည့်အလား ပြန့်ပြူးညီညာလျက်ရှိသည်။ ရှင်နေမင်းသည်လည်း ဝါဆို၊ ဝါခေါင်လများက မိုးသားတိမ်တိုက်များနောက်တွင် မြုပ်ကွယ်နေခဲ့ရာမှ ပြန်လည်ထွက်ပြူလာခဲ့သည့် **“တော်သလင်းနေ ပုစွန်သေ”** ဟု ဆိုရိုးစကားရှိခဲ့သည်။

ထိုလတွင် အမှတ်အသားပြုထားသော မိုးကြီးတစ်မိုးကျန်သေးသည်။ ထိုမိုးမှာ ကန်ဆင်းမိုးဖြစ်သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် သိန်(သိဟ်)ရာသီမှ ကန်ရာသီသို့ ပြောင်းဝင်သက်ဆင်းခဲ့၍ ထိုသို့ပြောင်းသည်ကို အစွဲပြုကာ **ကန်ဆင်းမိုး** ဟု ခေါ်ကြသည်။

ဤလသည် “မိုးပြတ်သွားခြင်း၊ နည်းပါးသွားခြင်းမဟုတ်ပေ။ တစ်ခါတစ်ရံ မိုးကြီးတတ်သေးသည့်အတွက် တော်သလင်းမိုး ကန်သင်းကျိုးဟု ဆိုရိုးရှိခဲ့သည်။ လယ်ကန်သင်းများကျိုးကျအောင် မပြတ်မစဲ ရွာချသောမိုးကြောင့် **“တော်သလင်းတိမ်ညို စားဖို့သည်ဆင်းရဲ မိုးမစဲ”** ဟု ဆိုစမှတ်ပြုကြပြန်သည်။

တော်သလင်းလ၌ တောက်ပသောကြယ်စုမှာ လက်တစ်ဖက်တွင် ကောက်ဆုပ်ကိုကိုင်၍ လက်တစ်ဖက်တွင် ဆီမီးတိုင်ကိုင်ကာ လှေစီးနေသော မိန်းမပျိုသဏ္ဌာန်ရှိလေသည်။ ထို့ကြောင့် ထိုမိန်းမပျိုသဏ္ဌာန်ရှိသည့် ကြယ်စုတောက်ထွန်းသည့်အတွက် ဤလကို ကညာရာသီသို့မဟုတ် ကန်ရာသီဟု ခေါ်ကြခြင်းဖြစ်သည်။

ဤလတွင် ကောင်းကင်၌ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်သည် ငွေလဝန်းနှင့် ယှဉ်ပြိုင်မွန်းတည့်သည်။ လ၏ရာသီပန်းများမှာ ယင်းမာပန်းနှင့် အင်ကြင်းပန်းတို့ဖြစ်ကြသည်။ လ၏ရာသီသဘင်ပွဲတော်မှာ ပန်းလှုသဘင်နှင့် သစ်ဆင်း သဘင်တို့ဖြစ်သည်။

လယ်ကွင်း၊ ယာကွင်းတို့၌စိုက်ပင်၊ ပျိုးပင်များလန်းစွင့်အားယူလာကြပြီး တောင်သူ လယ်သမားများလည်း အပန်းဖြေလျက် စိတ်အေးလက်အေးနားနေကာ နောက်တစ်သီးအတွက် အားယူကြသည်။ နှမ်းကြီးကြဲသော ကာလလည်းဖြစ်သည်။

ထိုတော်သလင်းလပြည့်နေ့အခါသမယတွင် မြတ်ဗုဒ္ဓဘုရားရှင်သည် ဂရုဓမ္မတရားတော်ကို ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားသည် ငါးရာ့ငါးဆယ်တိကနိပါတ် **“ကုရုဓမ္မဇာတ်တော်”** ဖြင့် ကုရုဓမ္မသီလအကြောင်း ဟောကြားတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါက ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရားအလောင်းတော်သည် ဓနဉ္စယကောရဗျမင်း၏မိဖုရားကြီးဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်ကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက်သောအခါ အိမ်ရှေ့မင်းဖြစ်လာသည်။ ခမည်းတော်ဘုရင်ကြီးနတ်ရွာစံ၍ ဘုရားအလောင်းတော် မင်းအဖြစ်သို့ရောက်သောအခါ မင်းကျင့်တရားနှင့်အညီအုပ်ချုပ်၍ပြည်သူ၊ပြည်သားတို့အား ကုရုဓမ္မခေါ်ကုရုတိုင်းသားများ ကျင့်သုံးအပ်သော ငါးပါးသီလကို ကျင့်သုံးဆောက်တည်စေသည်။ အလှူမဏ္ဍပ်ကြီးများထိုးကာ နေ့စဉ်နေ့စဉ် အလှူဒါနပြုလုပ်သည်။ တိုင်းသူပြည်သားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကာ သာယာအေးမြချမ်းသာစွာ နေထိုင်ကြရသည့်အကြောင်း ဗုဒ္ဓဘုရားရှင်က ဟောကြားညွှန်ပြတော်မူခဲ့ခြင်းဖြစ်သည်။

တရားဓမ္မကို အစဉ်ကျင့်သုံးနေထိုင်သောသူများသည် စားနပ်ရိက္ခာပေါများခြင်း၊ အလှူတော်မင်္ဂလာ အဆက်မပြတ်ပေးနိုင်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ပွားများနိုင်ခြင်းဟူသော အကျိုးထူးများရရှိခံစားကြရပေသည်။

“ကုသိုလ်ပညာ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ၊
ရှေးကကြိုတင်ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ၊
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ဆောက်တည်လေ၊
ဥစ္စာကိုပေး နေထိုင်ရေး မြော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ”။

သီလကိုအခြေခံထားသော ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့နေထိုင်ကျင့်ကြံအားထုတ် လုပ်ကိုင်ကြရမည်ဆိုသည်ကို အစဉ်မပြတ် ဆင်ခြင်နှလုံးသွင်း၍ နေရမည်ဖြစ်သည်။ သို့မှသာ ဗုဒ္ဓဘာသာယဉ်ကျေးမှုမင်္ဂလာတရားတော်နှင့် ညီပေလိမ့်မည်။

ထေရဝါဒ ဗုဒ္ဓသာသနာဆိုသည်မှာ သင်္ဂါယနာခြောက်တန်ဝင်ထေရ်အရှင်တို့ သင်္ဂါယနာ တင်အပ်သော ဘုရားဟောပါဠိတော်ပင်ဖြစ်သည်။

သင်္ဂါယနာတင်ပြီး သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့သည် ထေရဝါဒဗုဒ္ဓသာသနာဖြစ်ပြီး ပြင်ခြင်း၊ ဖြုတ်ခြင်း၊ ဖြည့်စွက်ခြင်းကို လက်မခံပေ။ ထေရဝါဒ ဗုဒ္ဓသာသနာဟုဆိုခြင်းအားဖြင့် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မူရင်းဗုဒ္ဓသာသနာကို ဖော်ညွှန်းသက်သေဆိုပြီးဖြစ်သည်။

တော်သလင်းလသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငါးပါးသီလဖြစ်သော ဂရုဓမ္မသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ ထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု အဓိဋ္ဌာန်ပြုကာ ဂရုဓမ္မအခါတော်နေ့ကို ကျင်းပသောလဖြစ်သည်။ထိုလတွင် လှေသဘင်ပွဲတော်ကိုလည်း ကျင်းပလေ့ရှိသည်။

သူတော်စင်လည်း
ဝါစဉ်မပျက်၊ စာသင်လျက်၊
သက်ဝါကြီးလည်း
စောင့်စည်းသီလ၊ ဝါတွင်းလ။
ကျောင်းထိုထိုလည်း
စာဆိုစာအံ၊ ဘဝဂ်ညံ။ ။

ကုန်းဘောင်ခေတ် ဘိုးတော်(ဗဒုံ)မင်းတရားလက်ထက်တွင် ဂရုဓမ္မအမိန့်တော် ပြန်တမ်းတစ်စောင်ကို ထုတ်ပြန်ကာ ၁၁၄၆ ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် မြို့တွင်း၊ မြို့ပြင် လှည့်ပတ်၍ ဖတ်ကြားစေပါသည်။ ထိုအမိန့်တော်ကို ၁၁၄၆ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် နာခံဇေယျနော်ရထာက ပြန်ဆိုခဲ့သည်။ အမိန့်တော်အစတွင်–

ပြည်သူတကာ သတ္တဝါအပေါင်းတို့–
သူ့အသက်သတ်ခြင်း
သူ့ဥစ္စာခိုးခြင်း
သူ့အိမ်ရာကိုပြစ်မှားခြင်း
မဟုတ်မမှန်သောစကားကိုဆိုခြင်း
သေရည်သေရက်ကိုသောက်ခြင်း

တရားငါးပါးကို မကြဉ်ရှောင် ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံ၌ တလူးလူးတလဲလဲ နစ်မွန်းကုန်ရသည်ဟု အစချီထားပြီး ထိုတရားများရှောင်ကြဉ်၍ ငါးပါး၊ ရှစ်ပါး သီလများ ပွားများဆောက်တည်ရန် တိုက်တွန်းထားပါပေသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ဒေသများ၌ ဝါတွင်းခလေ့ထုံးစံကားအဖိတ်နေ့မှစ၍ ရပ်ကွက်၊ ကျေးရွာ ဓမ္မာရုံများ၏ ဝတ်အသင်းသူ၊အသင်းသားများက အလှူခံထွက်ကြသည်။

ဓမ္မာရုံတိုင်း၌ပင် ဓမ္မစကြာအသင်းအဖွဲ့များက ဘုရားဂုဏ်တော်များ၊ ဓမ္မစကြာတရားတော်များ၊ ပဋ္ဌာန်း ဒေသနာတော်များ၊ မေတ္တာပို့များကို ညဥ့်သန်းခေါင်ယံကျော်အထိ ရွတ်ဖတ်ပူဇော်ကြသည်။

ဝါတွင်းလများ၌ မြန်မာ့သတ္တလောကတစ်ခုလုံး တရားသံများဖြင့် ဖုံးလွှမ်းနေပြီး ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

ဥပုသ်နေ့သို့ရောက်လျှင် ဆရာတော် အရှင်သူမြတ်များအားပင့်လျှောက်၍ ဥပုသ်သီလများကို လေးစားစွာ ခံယူဆောက်တည်ကြသည်။ သူတော်စင်ဥပုသ်သည်တို့ကို လေးစားဂုဏ်ပြု၍လည်းကောင်း၊ မြတ်စွာဘုရား၏ ဂရုဓမ္မအခါတော်နေ့(ဝါ) ငါးပါးပဉ္စသီ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် ကျင့်ကြံဆောက်တည်သောနေ့ကို ပူဇော်ကန်တော့သောအားဖြင့်လည်းကောင်း တော်သလင်းလပြည့်နေ့တွင် မေတ္တာဘာဝနာများ အထူးပွားများလေ့ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် မြန်မာ့သစ်လုပ်ငန်း၊ သစ်လုံးအရောင်းဌာနစု(၂)မှ မန်နေဂျာ ဦးလှအောင်က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက်(၂၆)နေ ဒေါ်ခင်စုမေ မိသားစုက ကွယ်လွန်သူ ခင်ပွန်း ဦးလှဖေ၊ သား ဦးလှသွင်၊ သမီး ဒေါ်ထီလာတို့အားရည်စူး၍ အက်ဖ်အီးစီ ၁၃၀ ကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဘောဘောကြီးစေတီ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ၁၁ရက်တွင် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်း (မှော်ဇာ) ၌ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)များ၊ သရေခေတ္တရာရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် ဗိသုကာပညာဌာနမှ ဒုတိယဌာနမှူးနှင့် ဗိသုကာများက မိုးသည်းထန်မှုကြောင့် ရှေးဟောင်းဘောဘောကြီးစေတီတော် အရှေ့မြောက်ထောင့် အထက်ပိုင်း ယိုယွင်းမှုအခြေအနေနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များ၊ စေတီတော်၏ အတွင်းပိုင်း၊ အပြင်ပိုင်းရင်ပြင်တော်အခြေအနေတို့ကို စစ်ဆေးတိုင်းထွာ တွေ့ရှိချက်များကို တင်ပြကြရာ ဝန်ကြီးက နှစ်ပေါင်း ၃၀၀၀ခန့်က တည်ထားခဲ့သော ဘောဘောကြီးစေတီတော်အတွက် လတ်တလောအရေးပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ယိုယွင်းမှုဖြစ်ပွားသည့် အစိတ်အပိုင်းကို ပြင်ဆင်ကြမည့်လုပ်ငန်းစဉ်များနှင့် စေတီတော်ကြီးရေရှည်တည်တံ့ခိုင်ခံ့စေရေးအတွက် စစ်ဆေးပြီး အားဖြည့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးအကြံပြုကြရန် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် သရေခေတ္တရာ ရှေးဟောင်းသုတေသန ပြတိုက်ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကျောင်းတော်ရာ

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ရက်တွင် မကွေးတိုင်း ပွင့်ဖြူမြို့နယ်ရှိ ပိဋကတ်တော်လာ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာသို့ သွားရောက်၍ ဘုရားဝင်းအတွင်းရှိ ရှေးဟောင်းပေစာများ ထားသိုရာ ပိဋကတ်တိုက်နှင့် သတ္တဌာနဗိမာန်တော် မြတ်စွာဘုရား လက်ထက်တော်က ရဟန္တာမြတ်ရှင်မဟာပုဏ္ဏထေရ်သီတင်း သုံးတော်မူခဲ့သည့် နေရာတော်တို့ကို ကြည့်ရှုစစ်ဆေးကြည်ညိုသည်။

ထို့နောက် ဝန်ကြီးသည် ရှေးခေတ် ဝါဏိဇ္ဇဂါမရွာကြီး တည်ရှိခဲ့သည့် မြေနေရာနှင့် ကမ္ပည်းမော်ကွန်းတိုင် စိုက်ထူထားမှုအခြေအနေ၊ ရှေးဟောင်း ပျူမြို့တော်ဟောင်း အုတ်ရိုးတန်း တည်ရှိခဲ့သည့်နေရာနှင့် အနီးပတ်ဝန်းကျင်ကို ရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် ရေကာတာနှင့် မြေထိန်းကျောက်နံရံ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဗိဿနိုးမြို့ဟောင်းသို့ ရောက်ရှိကြပြီး ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက် တည်ဆောက်မှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးမှာကြားသည်။

သင်တန်းကျောင်း

ဝန်ကြီးသည် စက်တင်ဘာ ၁၃ရက်တွင် ပြည်မြို့သို့ ပြန်လည်ရောက်ရှိ၍ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နိုဝင်ဘာ ပထမပတ်တွင် စတင်ဖွင့်လှစ်မည့် ရှေးဟောင်းသုတေသန နည်းပညာ ဒီပလိုမာသင်တန်းအတွက် ဖြည့်ဆည်းဆောင်ရွက်ရန်ရှိသည်များကို အချိန်မီ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြည်မြို့၌ ပြည်ခရိုင်အတွင်းရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများဖြစ်ကြသော ဘဒ္ဒန္တရေဝတ (ဇောတိကာရုံကျောင်းတိုက်)၊ ဘဒ္ဒန္တဝေပုလ္လ (ဝေပုလ္လကျောင်းတိုက်)၊ ဘဒ္ဒန္တကုဏ္ဍာဂုဓ(စံနန်းဦးကျောင်းတိုက်)၊ဘဒ္ဒန္တသေဋ္ဌိလ(မဟာသုဒဿနကျောင်းတိုက်)နှင့်ဘဒ္ဒန္တကုသလဇောတိ (ဇောတိကာရုံကျောင်းတိုက်)တို့အား ဖူးမြော်ကြည်ညိုပြီး ရှေးဟောင်းဘောဘောကြီး စေတီတော် ကြံ့ခိုင်ရေး၊ ယိုယွင်းမှုပြင်ဆင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် ပေါင်းတည်မြို့သို့ရောက်ရှိ၍ပေါင်းတည် စွယ်တော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး အလှူတော်ငွေကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့် အဖွဲ့ဝင်များ ပြည်မြို့သရေခေတ္တရာမြို့ဟောင်း(မှော်ဇာ)ရှိ နှစ်ပေါင်း ၃၀၀၀ခန့်က တည်ထားခဲ့သည့် ဘောဘောကြီးစေတီတော် ပြန်လည်ပြုပြင်မွမ်းမံမည့် အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

မောင်ကျော်ကျော်နိုင်နှင့် မစီစီလှာဝုန်အွဲ့လှျန် (ခ) နီးနီးတို့က မင်္ဂလာဦးအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -°Monopoly. (ပထမနှစ်-စီးပွားရေး)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၁၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့မြဝတီ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " တရားရှင်" (အပိုင်း-၁၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ရွှေမြင်းမိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၄

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင်းမိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင်းမိုရ်ကျောင်းတိုက်၌ စက်တင်ဘာ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း၀၁-၅၇၁၂၅၈သို့ဖြစ်စေ စက်တင်ဘာ ၁၇ရက် အရောက်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန် အဝေးသင်တက္ကသိုလ်၏ ၂၀၀၅ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ် ပို့ချသင်တန်းများကို အောက်တိုဘာ ၁၃ ရက်မှ ၂၃ ရက်အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၇ရက်မှ နိုဝင်ဘာ ၃ရက်အထိ လည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ်စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော သမိုင်းနှင့် ဥပဒေပညာမှအပ ကျန်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။

ပထမနှစ် မြန်မာစာအထူးပြုကျောင်းသားများသည် အထက(၁)မြောက်ဥက္ကလာပ၊အထက(၃)မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၅) မြောက်ဥက္ကလာပတို့၌ လည်းကောင်း၊ ပထမနှစ်ပထဝီဝင် အထူးပြုကျောင်းသားများသည် အထက(၂)မြောက်ဥက္ကလာပ၊ အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၄) ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့၌ လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

သမိုင်းနှင့် ဥပဒေပညာမှအပ ကျန်ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံးသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော သမိုင်းနှင့် ဥပဒေပညာအထူးပြုမှအပ ကျန်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံးသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌အနီးကပ် ပို့ချသင်တန်းများ တက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန် အဝေးသင်တက္ကသိုလ် အနောက်ပိုင်း ဌာနခွဲ(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော သမိုင်းနှင့် ဥပဒေပညာအထူးပြုမှအပ ကျန်ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ဝိဇ္ဇာ အထူးပြုအားလုံးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများတက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန် အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီးတို့၌ မှတ်ပုံတင်ထားသည့်သမိုင်းနှင့် ဥပဒေပညာအထူးပြုမှအပ ကျန်ပထမနှစ်၊ဒုတိယနှစ်နှင့် တတိယနှစ်ဝိဇ္ဇာအထူးပြုအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချ သင်တန်းများတက်ရောက်ကြပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာအဝေးသင် တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

မုံရွာ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်း မုံရွာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ ရက်တွင် အဆိုပါ မုံရွာစက်မှုဇုန်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မုံရွာစက်မှုဇုန် တာဝန်ခံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းစုကော်မတီများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မုံရွာမြို့မှကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားပြီး မုံရွာစက်မှုဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဖြည့်စွက်အကြံပြုသည်။ ထို့နောက် မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က စက်မှုဇုန်၏ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ လုပ်ငန်းစုကော်မတီများမှ ကော်မတီဝင်များက လုပ်ငန်းတစ်ခုချင်း အလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် မုံရွာစက်မှုဇုန်တာဝန်ခံ ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်စကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် မုံရွာစက်မှုဇုန်ရှိ သံရည်ကျိုနှင့် စက်ပစ္စည်းစက်ရုံများအတွင်း စက်ပစ္စည်းများ ထုတ်လုပ်နေမှု၊ သံရည်ကျိုမည့် ကုန်ကြမ်းများနှင့် ပုံလောင်း၊ ပုံထောင်းစက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် မင်္ဂလာသုခ ပါဠိတက္ကသိုလ်နန္ဒိယဝါဒီ အုတ်ကျောင်းဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကျိုက္ကဆံလမ်းနေ ဆရာမဒေါ်ရွှေပု မိသားစုက အလှူတော်ငွေ ကျပ်နှစ်သိန်းကို အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိဆရာတော် ဘဒ္ဒန္တဉာဏမဉ္ဇူထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဒလသင်္ဘောကျင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ဒလသင်္ဘောကျင်းသို့ရောက်ရှိပြီး မေလိခရေယာဉ် ကျင်းတင်ပြင်ဆင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒလသင်္ဘောကျင်း စက်မှုဌာနရှိ ရေယာဉ်စက်ပစ္စည်း အစိတ်အပိုင်းများနှင့် ပန်ကာ၊ ဝင်ရိုးပြုပြင်မှု အခြေအနေများ၊ ခေတ်မီစက်ကိရိယာ အသုံးပြု ဆောင်ရွက်ခြင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမှတ်(၁၄) လွှန်းကျင်း၌ တည်ဆောက်လျက်ရှိသော ကမ်းထိုး ရေယာဉ် တန်(၅၀၀) ကုန်သေတ္တာတင် တွဲအသစ်တည်ဆောက်နေမှု၊ ကြံ့ (၁၈) ရေယာဉ်နှင့် အခြားရေယာဉ်များ ပြုပြင်မှု၊ ရေလုံသင်္ဘောကျင်း၌ မြစ်တွင်း အပျော်စီးသင်္ဘော မြတ်သန္တာရေယာဉ် ကျင်းတင်ပြင်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒလသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဒလသင်္ဘောကျင်း၏ သမိုင်းအကျဉ်းနှင့်လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကူးသန်း သွားလာလျက် ရှိသော မြစ်ကြောင်းကြီးများနှင့် ရေယာဉ်အင်အားအခြေအနေ၊ သင်္ဘောကျင်း၏ ဝင်ငွေနှင့် အသုံးစရိတ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးထွန်းမြင့်က သင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဝန်ထမ်းသက်သာ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ခြိုးခြံချွေတာသုံးစွဲရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဒလသင်္ဘောကျင်းတွင် တည်ဆောက်လျက်ရှိသော ကမ်းထိုး ရေယာဉ် တန် ၅၀၀ ကုန်သေတ္တာတင်တွဲအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်း မူးယစ်ဆေးဝါး ၂၅၅ မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၅ ခုနှစ် ဩဂုတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၅မှု ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့ရာတွင် ဘိန်း ၃၄ မှု အလေးချိန် ၆၉ ဒသမ ၀၂၄၅ ကီလို၊ ဘိန်းဖြူ ၉၅ မှု အလေးချိန် ၉၇ ဒသမ ၂၉၃၁ကီလို၊ ဘိန်းညို အလေးချိန် ၄၃ ဒသမ ၂ ကီလို၊ ဘိန်းဆီကိုးမှု အလေးချိန် ၆ ဒသမ ၁၄၈၄ ကီလို၊ အဆင့်နိမ့် ဘိန်း ၁၁ မှု အလေးချိန် ၉၅ ဒသမ ၀၆၆၁ ကီလို၊ ဆေးခြောက် ၁၄ မှု အလေးချိန် ၀ ဒသမ ၉၄၈၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အမှု ၇၀၊ ၁၉၆၁၇၁ ပြား၊ ဘိန်းစာမှုန့်လေးမှု အလေးချိန် ၄၈ ဒသမ ၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ၄ ဒသမ ၁၂ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ကီလို ၄၀၊ မှတ်ပုံတင်ပျက် ၁၀ မှု၊ အခြားအမှု ရှစ်မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၅ ခုနှစ် ဩဂုတ်လတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၅မှု ဖမ်းဆီး ခဲ့ရာတွင် တရားခံ အမျိုးသား ၃၄၁ဦး၊ တရားခံ အမျိုးသမီး ၉၁ဦး စုစုပေါင်း တရားခံ ၄၃၂ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

မော်တော်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ တိုင်းခွဲရုံး(ရွာသာကြီး)သို့ ပြောင်းရွှေ့

ရန်ကုန် စက်တင်ဘာ ၁၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)နှင့် ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) တို့၌ မှတ်ပုံတင်ထားသော သုံးတန်နှင့် အထက်ကုန်တင်ယာဉ်များ၊ ၁၈ယောက်စီးနှင့် အထက် ခရီးသည်တင်ယာဉ်များ၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၌ မှတ်ပုံတင်ထားသည့် သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များ၏ မှတ်ပုံတင် လုပ်ငန်းများကို စက်တင်ဘာ ၂၆ရက်မှစ၍ အမှတ်(၂) လမ်းမကြီးဘေး ကရဏာလမ်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းခွဲရုံး (ရွာသာကြီး)၌ ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)ဒဂုံ ကျောင်းအုပ်ကြီး ဖလား မိုးရာသီဘောလုံးပြိုင်ပွဲဆုပေးပွဲကို စက်တင်ဘာ ၉ရက်က ကျင်းပရာ ဆဋ္ဌမတန်း အသင်းလိုက်ဘောလုံး ပြိုင်ပွဲတွင် ပထမဆုနှင့် အကောင်းဆုံး ဆုရရှိသော ဆဋ္ဌမတန်း(ဂျေ)မှ မောင်ရဲညွှန့်လှိုင်အား ကျောင်းအုပ် ဆရာကြီးဦးကျော်ကျော်က ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ အလှူရှင် ဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း)-ဒေါ်ဥမ္မာ မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ရွှေစင်ရွှေပြား သုံးကျပ်သားနှစ်ပြားအတွက် အလှူတော် ငွေကျပ် ၁၁၇၀၀၀၀ကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံ လှူဒါန်းစဉ်။ (၅၀၆)

ဥပဒေပညာဌာန အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ၁၉၉၁ ပညာသင်နှစ်၏ ဒုတိယ အကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်မြင့်တို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး လှူဒါန်းငွေကောက်ခံရေး၊ အခမ်းအနားကျင်းပရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။ ဒုတိယ အကြိမ်မြောက် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ၈ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ တောင်ပိုင်းနေ ဦးစုလှိုင်-ဒေါ်ရှုခင် သားသမီး မြေးတစ်စုတို့က (၅၇)နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည့်စုံအေး မဟာသိမ်တော်ကြီးဆောက်လုပ်ရန် ငွေလှူ

ရန်ကုန် စက်တင်ဘာ ၁၄

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း (ည)ရပ်ကွက် ပြည့်စုံအေး မဟာစည်ရိပ်သာ၌ ဆောက်လုပ်ဆဲ သိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၀ရက်က အဆိုပါ ရိပ်သာ၌ကျင်းပရာ ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတထံ ရန်ကုန်မြို့ (၇)မိုင် သလ္လာဝတီလမ်းနေ မိဘများအားရည်စူး၍ သမီး ဒေါ်ကျော့အိမ်၊ ဒေါ်အမာတို့က ငွေကျပ်ငါးသိန်း **(အပေါ်ပုံ)**၊ ရွှေပေါက်ကံမြို့နေ ဒုတိယ ဗိုလ်မှူးကြီးမြင့်စိုးသိန်း - ဒေါ်ကြည်ကြည်ဆွေမိသားစု၊ ရွှေပေါက်ကံမြို့နေ မိခင်ကြီး ဒေါ်ခင်ခင်ဦးကိုရည်စူး၍ သမီး ဒေါ်ခင်မျိုးသစ်နှင့် ညီအစ်မတစ်စု၊ မြောက်ဥက္ကလာပ ရတနာကျွန်းနေ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး-ဒေါ်ဖြူဖြူသိန်း မိသားစု၊ မြောက်ဥက္ကလာပ (ဈ) ဈေး မွေးစတိုးမိသားစုနှင့် မစန္ဒာဝင်းအား ရည်စူး၍ ဝေဘာဂီလမ်းမှ ကိုတင်ထွန်းဦး၊ သမီးစုပုံချစ်တို့က ငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းကြသည်။ (၆၁)

ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး လုပ်ငန်းခွင်မပျက် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လူ့စွမ်းအား ပြုစုပျိုးထောင်ရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်များရှိ စက်မှုလက်မှုလုပ်ငန်းများ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး လုပ်ငန်းခွင်မပျက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီတွင် လှိုင်သာယာ စက်မှုဇုန် (၁) ကနောင်မင်းသားကြီးလမ်းရှိ စက်မှုဇုန် စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ကျင်းပရာ လူ့စွမ်းအား ပြုစုပျိုးထောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ လှိုင်သာယာ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ရက်မှ စက်တင်ဘာ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ပြီး လှိုင်သာယာ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ ကိုယ်စားလှယ် ၇၀ တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

စံကျောင်းတော်ပြုပြင်ရန် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၄

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရွှေသာလျောင်း စံကျောင်းတော်ကြီးအား ပြန်လည်ပြုပြင် တည်ဆောက်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်သည်။(က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အောင်ဆန်းတောရစာသင်တိုက်အတွင်း တည်ဆောက်မည့် သုံးထပ်ကျောင်းဆောင်သစ်နှင့် သိမ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၀ရက်က ကျင်းပရာ အလှူရှင် ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦးမိသားစု (ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း)က အလှူငွေကျပ် ၃၀၀၀၀၀ ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါထံ ပေးအပ်လှူဒါန်းစဉ်။ (၅၂၉)

ကရာတေးဒို နည်းစနစ်သင်တန်း ဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး ဖွင့်လှစ်ခဲ့သော ကရာတေးဒို နည်းစနစ် သင်တန်းအမှတ်စဉ် (၁/၂၀၀၅) ဆင်းပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေး ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အားကစားနှင့်ပတ်သက်သည့် ဘာသာရပ်များကို ပို့ချပေးသော ဆရာများနှင့် ကရာတေးဒိုနည်းစနစ်များကိုလက်တွေ့ သင်ကြားပို့ချခဲ့သော ဂျပန်နိုင်ငံမှ Mr. Takuya Taniyama တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ပိုလာမည်

ရန်ကုန် စက်တင်ဘာ ၁၄

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယင်းမုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၈၀ခန့်အကွာတွင် ဗဟိုပြုနေသည်။ ယင်းကုန်းတွင်း မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက်နာရီအနည်းငယ်အတွင်း ကပ္ပလီပင်လယ်ပြင်အတွင်း ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

စက်တင်ဘာ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ပိုလာမည်။

အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲဆက်လက်ပြသ ယခုသောကြာပတ် နိုင်ငံခြားကားသစ်ရုံတင်မည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် စက်တင်ဘာ ၁၄

ယခုသောကြာပတ်တွင် ယခင်သောကြာပတ်က ရုံတင်ပြသခဲ့သည့် **"အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ"** ဇာတ်ကား သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများ၌ ဒုတိယပတ်အဖြစ် ဆက်လက်ပြသနေသည်။

အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲဇာတ်ကားကို မဟာထွန်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးအောင်ကြိုင် (ရှေးဟောင်းသုတေသနဦးစီးဌာန)၏ ဝတ္ထုကို အကယ်ဒမီခင်လေးသိမ့် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးထားခြင်းဖြစ်သည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက် ကာလကို နောက်ခံပြု ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ အရည်းကြီးအယူဝါဒဆိုးကို ရှင်အရဟံမထေရ်၏ ကျေးဇူးဖြင့် ဖယ်ရှားရှင်းလင်းနိုင်ကာ ဗုဒ္ဓသာသနာ ထွန်းလင်းခဲ့ရပုံကို သရုပ်ဆောင်များစွာဖြင့် ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

မကြာမီ ရုံတင်ပြသတော့မည့် "ပျော်လိုက်ရအောင်" ဇာတ်ကားသစ်မှ လွှင်မိုးနှင့် စိုးမြတ်နန္ဒာ။

အကယ်ဒမီလူမင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီနေအောင်၊ ဖြိုးငွေစိုး၊အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီခင်သီတာထွန်းနှင့် စည်သူမောင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ယခုလာမည့် စက်တင်ဘာ ၁၆ရက် သောကြာနေ့တွင် နိုင်ငံခြားဇာတ်ကားသစ် Mr. And Mrs. Smith ဇာတ်ကား ရွှေဆောင်ရုံနှင့် နေပြည်တော်ရုံများတွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားကို ဒါရိုက်တာ Dougliman က ရိုက်ကူးထားပြီး နာမည်ကြီးသရုပ်ဆောင်များဖြစ်သော Brad Pitt နှင့် Angelina Jolie တို့ ခေါင်းဆောင်ပါဝင်ထားကြသည့် စွန့်စားမှု အသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။

ဒုတိယပတ် ဆက်လက်ပြသနေသည့် "ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ" ဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်တို့၏သရုပ်ဆောင်ဟန်။

ပျော်လိုက်ရအောင်ရုံတင်မည်

ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုဏ္ဏမီ၏ ဝတ္ထုကို ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးသည့် **"ပျော်လိုက်ရအောင်"** ဇာတ်ကားမှာ ရိုက်ကူးပြီးစီး၍ မကြာမီရုံတင်ပြသတော့မည်ဖြစ်သည်။

အဆိုပါကားတွင် အကယ်ဒမီလွှင်မိုး၊ အကယ်ဒမီစိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး ဟာသအသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။ (ကြေးမုံ)

ကျောင်းဆောင်သစ် ဖဲကြိုးဖြတ် ဖွင့်လှစ်

မွန်ပြည်နယ် ပေါင် မြို့ နယ် နတ်ကြီး ချောင် ကျေးရွာအခြေခံ ပညာ အထက် တန်းကျောင်းခွဲ ကျောင်း ဆောင် သစ် လွှဲပြောင်း ပေးအပ်ပွဲနှင့်ပညာ ရည်ချွန်ဆုပေးပွဲ အ ခမ်း အ နား တွင် ကျောင်း အုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများ၏ ဝေဖန်ပုတ်ခတ် စွပ်စွဲချက်များ မမှန်ကန် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးမှုက ထင်ထင်ရှားရှား သက်သေပြ

ကျေးရွာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်နိုင်၍ မိဘများနှင့် ကျောင်းသားများ ဝမ်းသာ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများပါဝင်သောအဖွဲ့က ကွင်းဆင်းကုသပေး လူမှုရေးအသင်းများက ကျေးလက်စကားဝိုင်းများဖွဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းဟူ၍ ဖွံ့ဖြိုးရေးစီမံကိန်းသုံးခု ချမှတ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများ ပါဝင်သောအဖွဲ့က မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

မြို့နယ်နှင့် ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင် ကျေးရွာမှ ပြည်သူများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသမီးရေးရာ စကားဝိုင်း တွင် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)